*Volume 4 / Issue 9 / September / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)



## အချိန်

ရွှင်လန်းဝမ်းမြောက်သောအချိန်တွင်ဘုရားသခင်ကိုချီးမွမ်းထောမနာပြုပါ။
ခက်ခဲကြမ်းတမ်းသောလောကမုန်တိုင်းကိုရင်ဆိုင်နေချိန်တွင်ဘုရားသခင်ထံမှခွန်အားရယူပါ။
ငြိမ်သက်ခြင်းရရှိသောအချိန်တွင်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ပါ။
နာကျင်၍ဝမ်းနည်းကြေကွဲသောအချိန်တွင်ဘုရားသခင်ကိုယုံကြည်ကိုးစားပါ။
အချိန်နာရီတိုင်းအတွက်ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းပါ။

ရွှင်လန်းသောအခါချီးမွမ်းပါ၊
ခက်ခဲသောအခါအားယူပါ၊
ငြိမ်သက်သောအခါဝတ်ပြုပါ၊
ဝမ်းနည်းသောအခါကိုးစားပါ၊
အချိန်တိုင်းနာရီတိုင်းကျေးဇူးတော်ကိုချီးမွမ်းပါ၊

*John Ma*

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

**သက်သေခံချက်၊–**




# ကျေးဇူးတော်မှတပါး အခြားမရှိပါ

ရှေဦးစွာ ဘုရားသခင်၏ နာမတော်၊ ဘုန်းတန်ခိုးအာနုဘော် နှင့် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ ကျမ ခံစားရသော ကျေးဇူးတော်ကို လူငယ့်အားမာန်စာစောင် မှတဆင့် ဝေမျှ သက်သေခံ ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

အစက စပြီးပြောပြရရင် လွန်ခဲ့သော (၅)နှစ်လောက် အချိန်က၊ ကျမ ဆီးပူဆီးကျင် ခံစားရပြီး၊ ဆီးသွားရင် ဆီးထဲမှာသွေးပါပါနေပါတယ်။ ပထမနှစ်မှာတော့ (၃)လ တစ်ခါလောက်ဖြစ်ပြီး၊ ဆေးသောက်လိုက် ကောင်းသွားလိုက် ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျမရဲ့ အစ်မဝမ်းကွဲက မျက်စိအထူးကု ဆရာဝန်လေ။ သူမက ကျောက်ကပ်အထူးကု ဆရာဝန်ဆီ ခေါ်သွားပြီး ပြကြည့်တော့ ကျောက်ကပ်မှာ ကျောက်ဖြစ်နေတာလို့ပြောပါတယ်။ သိပ်အရေးမကြီးပါ ရေဘဲများများ သောက်ပါလို့ ပြောလိုက်ပါတယ်။ဒါနဲ့ကျမ ရေကိုများများ သောက်ခဲ့တာ လုံးဝပျောက်သွားပါတယ်။

မနှစ်တုန်းက ဆရာဝန်က ကျောက်ကပ်ကို Ultra Sound ရိုက်ကြည့်ခိုင်းလို့ ရိုက်ကြည့်တော့ ဘာမှ မတွေ့ရဘူးလို့ ပြောပါတယ်။ အားလုံး ကောင်းပါတယ်လို့လည်း ပြောလိုက် ပါတယ်။

ဒီလိုနဲ့ မနှစ်က၊ အစာစားပြီးတဲ့ အခါမှာ ရင်ဘတ်ထဲဆို့ပြီး ခံတွင်းထဲမှာ ချဉ်နေပါတယ်။ ပြီးတော့ ရင်ထဲကကျပ်ပြီး ချောင်းလည်းဆိုးတယ်။ ချောင်းဟန့်လိုက်မှ နဲနဲချောင်သွားပါတယ်။ အဲဒီလိုဖြစ်နေတာကို ဆရာဝန်သွားပြတော့ အစာအိမ် အချဉ်ပေါက် တာလို့ပြောပြီး၊ အစာအိမ် အထူးကု ဆရာဝန်ထံ လွှတ်လို့ အထူးကုဆရာဝန်က အစာအိမ်ကို ကင်မရာနဲ့ ဝင်ကြည့်မယ်လို့ ပြောပါတယ်။ အစာအိမ်ကို ဝင်ကြည့်တော့ အစာအိမ်မှာ အနာသေးသေးလေးဘဲ တွေ့တယ်၊ ကင်ဆာ ( Cancer ) မရှိဘူးလို့ပြောပါတယ်။

ဒါပေမဲ့ ဆေးစားလည်း ခံတွင်းချဉ်တာနဲ့ ချောင်းဆိုးတာကတော့ မပျောက်ဘူး။ ဒါနဲ့ Ultra Sound ရိုက်ကြည့်မယ်။ အသဲ၊ သရက်ရွက်၊ သည်းခြေ နဲ့ကျောက်ကပ်တို့ တစ်ခုခုမှာ ဘာဖြစ်သလဲဆိုတာ ကြည့်မယ်လို့ ပြောပါတယ်။ ( Ultra Sound ) ရိုက်ကြည့် လိုက်တော့ ကျောက်ကပ်မှာ အလုံး ( Mass ) ရှိနေတယ်။ အရွယ်က ၄.၈ စင်တီမီတာ ( 4.8 cm ) ရှိတယ်လို့ သိရပါတယ်။ ကျမကို အစာအိမ် အထူးကု ဆရာဝန်က ကိုယ့်ရဲ့အရင်ပြနေကျ ဆရာဝန် ( Primary Doctor ) ဆီကို အမြန်ဆုံးသွားပြပါလို့ပြောတယ်။အဲဒီနေ့ဟာမှတ်မှတ်ရရ ဒီဇင်ဘာလ၊ ၂၆ရက်၊ ၂၀၀၉ ( December 26, 2009 ) ဖြစ်ပါ တယ်။

ဒီလိုနဲ့၊ ဇန်နဝါရီလ၊ ၂၀ရက်၊ ၂၀၁၀ ( January 20, 2010 ) မှာ၊ CD Scan သွားရိုက်ပါတယ်။ အဲဒီနေ့ ညနေမှာဘဲ ဆရာဝန်က ကျမကို ခေါ်ပြော ပါတယ်။ ကျောက်ကပ်က အလုံး ( Mass ) က သေချာနေတယ်။ ဆရာဝန်က ဒီအလုံးဟာ ကောင်းတဲ့အလုံးလား၊ မကောင်းတဲ့အလုံးလား၊ မသိနိုင်ဘူး။ ဘုရားဘဲ ဆုတောင်းပါလို့ ပြောလိုက်တယ်။ ဒီတော့မှ ကျွန်မရဲ့မျက်နှာ ဇီးစေ့လောက်ဘဲ ကျန်

တော့တယ်။

ကျမရဲ့ အစ်မဝမ်းကွဲက ချက်ခြင်း ရောက်လာပြီး၊ မနက်ဖန်မှာ ကျောက်ကပ်အထူးကုဆရာဝန် သွားရှာမယ်လို့ ဆိုပါတယ်။ အဲဒီအစ်မက ဘာဘဲလုပ်လုပ်၊ ဘုရားဆုတောင်းပြီးမှ လုပ်တတ်တဲ့ ယုံကြည်သူ တစ်ယောက်ပါဘဲ။

ဇန်နဝါရီလ၊ ၂၁ရက်၊ ၂၀၁၀ (January 21, 2010) မှာ ကျောက်ကပ်အထူးကု ဆရာဝန်ကို ရှာတွေ့ပြီး၊ ဇန်နဝါရီလ၊ ၂၆ရက်၊ ၂၀၁၀ (January 26, 2010) နံနက် ၁၁း၀၀နာရီ (11:00am) မှာ ဆရာဝန်ကို ပြဘို့ ရက်ချိန်း (Appointment) ရခဲ့တယ်။ Insurance approval ကိုတော့ ဇန်နဝါရီလ၊ ၂၇ရက်၊ ၂၀၁၀ (January 27, 2010) နေ့မှရခဲ့တယ်။ ကျမ ယူထားတဲ့ Insurance က HMO အနိမ့်ဆုံးကို ယူထားတာပါ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဘုရားရှင် ကိုယ်တော်တိုင် ဦးဆောင်လုပ်ပေးတဲ့အတွက် Insurance approval နဲ့ အထူးကု ဆရာဝန်ကို တွေ့ဘို့လည်း ချက်ခြင်း (၂)ရက်အတွင်းရခဲ့ပါတယ်။ ဒီတွက်လည်း ဘုရားသခင်ကို ကျေးဇူးတင်လို့ မဆုံးနိုင်ပါ။

ဇန်နဝါရီလ၊၂၆ရက်၊၂၀၁၀ (January 26, 2010) နေ့မှာ၊ အထူးကု ဆရာဝန်နဲ့ သွားတွေ့တော့၊ ဆရာဝန်က ဆေးမှတ်တမ်းတွေကို ကြည့်ပြီး၊ 95% က ကင်ဆာ (Cancer) ဘဲလို့ ပြောပြန်တယ်။ ကျောက်ကပ်ကို တစ်ဝက် သို့မဟုတ် တစ်ခုလုံး ထုတ်မယ်လို့ သိရတယ်။ ဖေဖေဝါရီလ၊ ၁ရက် နေ့ (February 01) မှာ ခွဲစိတ်ကုသဘို့ ရက်ချိန်း ပေးခဲ့ပါတယ်။

ကျမ သွားတက်နေတဲ့ Cavary Chapel က တရားဟောဆရာတွေကို ကျမရဲ့ အခြေအနေအားလုံးကို ပြောပြပြီး၊ ဆုတောင်းခိုင်းခဲ့ပါတယ်။ ဒီကြားထဲမှာ ဆရာဦးသိန်းဌွေး အမေရိကန်ပြည်ကို ရောက်နေတယ် သတင်းရလို့၊ ကျမရဲ့တူတော်သူမှတဆင့် တယ်လီဖုန်းနံပါတ်ရတာနဲ့၊ဆရာကိုဆုတောင်းပေးဖို့ပြောပြပါတယ်။ ဆရာဦးသိန်းဌွေးက တယ်လီဖုန်းနဲ့ဘဲ ဆုတောင်း ပေးပါတယ်။ ဆရာဦးသိန်းဌွေးက ဗမာလိုတောင်းတော့ ပိုပြီးနားလည်ပါတယ်။ ပိုပြီးလည်း မှတ်မိပါတယ်။

ဖေဖေဝါရီလ၊ ၁ရက် (February 01) နေ့ ခွဲခန်းထဲမှာ နံနက် ၁၁း၀၀နာရီ (11:00am) ကစပြီး ခွဲစိတ်တာ(၆)နာရီ ကြာတယ်လို့ ပြောပါတယ်။ ကျမ သတိရတော့ ည ၈း၀၀နာရီ (8:00pm) ဖြစ်နေပါပြီ။

ကျမရဲ့အဒေါ်က ပြောတယ်။ နင့်ရဲ့အလုံးက အထုပ်ကလေးနဲ့ ထုတ်ထားသလို ဖြစ်နေလို့ ဘေးတွေ ပျှောက်မပျံ့သွားဘူးတဲ့။ ကျမလည်း မျက်စိကောင်းကောင်းမဖွင့် နိုင်သေးပေမဲ့၊ စကားပြောနေတဲ့အသံ တွေကြားရတယ်။ စကားလည်း ပြန်ပြောနိုင်တယ်။

ဒါနဲ့ကျမက **“ယေရှုရှင် ထုပ်ပေးထားတာလို့”** ပြန်ပြောလိုက်တယ်။

ဘုရားသခင်ရဲ့ ကျေးဇူးတော်က ကြီးမားလှပါတယ်။ ဆေးရုံမှာ(၅)ရက်နေပြီး၊ ဆေးရုံဆင်းတဲ့နေ့မှာ၊ ဆရာဝန်က ခီမို (Chemo) ပေးစရာမလိုဘူး၊ အားလုံးစင်အောင် ထုတ်လိုက်တယ်လို့ ပြောပါတယ်။ ဘုရားသခင် ရဲ့ ကျေးဇူးတော်ပါဘဲ။

အခု ကျမ တနင်္ဂနွေနေ့ (Sunday) မှာ အလုပ်မလုပ်တော့ဘူးလို့ စိတ်ဆုံးဖြတ် လိုက်ပါပြီ။ ကျမရဲ့ ခံစားရသော ကျေးဇူးတော်ကို ဝေမျှရလို့ ကျေးဇူးတင်ပါတယ်။ ဘုရားသခင် ကောင်းကြီးပေးပါစေ။

လူငယ်အားမာန်စာစောင်ဖတ်ရှုသူများ ကျမနဲ့အတူ ဘုရားရှင်၏ ကျေးဇူးတော်ကို အတူတကွ ချီးမွမ်းကြပါစို့။... ဟာလေလုယာ... ဘုန်းတော်ကြီးလှ၊ ဟာလေလုယာ... အာမင်။

**သက်သေခံသူ=ခင်ခင်ထွေး**




လွန်ခဲ့သောနှစ်ပေါင်းအစိတ်သုံးဆယ်ခန့်က...ဌါနမှပေးထားသော ရန်ကုန်မြို့တွင်းရှိ ပေ၂၀–၃၀ တိုက်ခန်းငယ်ထဲမှ အစိုးရဝန်ထမ်းအရာရှိ ဇနီးမောင်နှံနှစ်ဦး၏ စကားသံ ...။

– ‘ကိုကိုရေ... ကလေးတွေကျောင်းပြန်ဖွင့်တော့မယ်နော်... သူတို့လေးတွေအတွက် ကျောင်းစိမ်းအင်္ကျီအသစ်လေးတွေ ဝယ်ရတော့မယ်။ သူတို့ကျောင်းလွယ်အိတ်တွေလည်း မနှစ်က အသစ်မဝယ်ပေးရတော့ တော်တော်နွမ်းနေပြီ... ကျောင်းစတက်တဲ့ရက်မှာ အသစ်တော့လိုချင်ကြမှာပဲ... မိုးတွင်းဆိုတော့ မိုးစီးဖိနပ်နဲ့ထီးလည်း လိုအုံးမှာလေ’

– ‘အေးပါ... အရေးပေါ်သုံးဖို့ ကိုကိုစုထားတာရှိပါတယ်၊ အဲဒီထဲက ထုတ်သုံးကြတာပေါ့’

– ‘အို! ဒါနဲ့... ကိုကို့ထီးကလည်း အရောင်လွင့်လို့ပါးနေပြီနော်။ ဒီမိုးမှာအသစ်ဝယ်ကိုင်ပါလား’

– ‘ရပါတယ်ကွာ... ကလေးတွေကအရေးကြီးပါတယ်... ထီးအရွက်ကပါးနေပေမဲ့... ပေါက်မှမပေါက်သေးတာ... ဆောင်းလို့ရပါသေးတယ်’

– ‘မနေ့က ကိုကို့အင်္ကျီကြယ်သီးတတ်ယင်းကြည့်လိုက်တာ အင်္ကျီရဲ့ဂျိုင်းတွေကဝါနေပြီ။ ရုံးတက်ဝတ်ဖို့မကောင်းတော့ဘူးထင်တယ်’

– ‘အော်... ခင်ခင်ရယ်... ဂျိုင်းအောက်မှာပဲ လက်မြှောက်သွားနေတာမှမဟုတ်တာ... ကိစ္စမရှိပါဘူး၊ သမီးတွေအတွက် ကျောင်းစိမ်းအသစ် ဿနှစ်စုံရယ် လွယ်အိတ်နဲ့ မိုးစီးဖိနပ်သာ ဝယ်ပေးလိုက်ပါ။ ကိုကိုလည်း သမီးတွေရဲ့ထီးကို ဆီလေးထဲ့ပြီး... ကောင်း/မကောင်း ကြည့်လိုက်ပါအုံးမယ်။ ခင်ခင့်အတွက်လည်း ဖိနပ်အသစ်ဝယ်လိုက်ပါ... လမ်းလျှောက်သွားရ၊ ဘတ်စ်ကားတိုးစီးရနဲ့၊ ချော်လဲမှာကို စိုးရိမ်တယ်ကွာ’

– ‘ခင့်ဖိနပ်က ခိုင်ပါသေးတယ်... သဲကြိုးမှမပြတ်သေးတာ... ခင်လည်းသတိထားလျှောက်ပါ့မယ်၊ စိတ်မပူပါနဲ့... ခင်လည်းအချိန်ရှိတုံး သမီးတွေအတွက် ကျောင်းစိမ်းဝတ်စုံလေး သွားကြည့်လိုက်ပါအုံးမယ်’

သားသမီးတို့၏ရုပ်ရည်
သီတာရေလိုအေးမြ
ရေစုန်မှာရေဆန်မနှောပဲ
စဉ်စီးဆင်းနေတာ
မိဘရဲ့မေတ္တာ...အကြင်နာပါ။

+++++++++

ယနေ့ခေတ်... အမေရိကန်နိုင်ငံမှာ ... ၊ကားကြီးတဝီဝီစီးလို့... ကော်ဇောပြည့်ခင်း... လေအေးစက်နှင့် ခေတ်မီတိုက်တွင်းမှ... လူရွယ်မောင်နှံနှစ်ဦး၏စကားသံ ... ၊

မောင်– ‘ဒီရောက်နေတာလည်း ဘာလိုလိုနဲ့ တစ်နှစ်ပြည့်တော့မယ်။ အလုပ်အကိုင်လည်း ဟန်ကျလို့ ဝင်ငွေလည်းမှန်နေပြီ။ ကလေးတွေလည်း အဆင်ပြေနေပီဆိုတော့... နှစ်ဖက်မိဘတွေဆီကို ငွေလေးဘာလေးပို့ကြရအောင်နော်’

ချစ် – ‘ဘယ်လောက်ပို့မှာလဲ... ဘာနဲ့ပို့မှာလဲ... ငွေပို့ခကလည်း ဈေးမသေးဘူးနော်။ ဒါလည်းထဲ့တွက်ဖို့ မမေ့ပါနဲ့’

မောင်– ‘ဒီနဲ့ဟိုကိုငွေလွှဲချင်တဲ့သူရှာရမှာပေ့ါ... ဒါမှပို့ခငွေမကုန်မှာ... အေးဆေးပေ့ါ။ အချိန်ရှိပါသေးတယ်ကွာ။ မိဘတွေလည်းသူတို့ဟာသူတို့တော့အဆင်ပြေနေကြတာဘဲလေ’

ချစ် – ‘တစ်လကို တစ်ရာဆိုရင်တော့ သင့်တော်ပါတယ်... ချစ်တို့လည်း ကလေးနှစ်ယောက်နဲ့ဆိုတော့ စုလို့ရသလောက်စုရမှာဘဲ၊ မဟုတ်ဘူးလား... မောင်’

မောင်– ‘ဟုတ်ပြီလေ... မောင်လည်းငွေလွှဲဖို့လူကြုံရှာပြီး...သုံးလစာလောက်ပို့ကြတာပေ့ါ။ အဲဒါဆို မိဘတွေလည်း တော်တော့်ကို ဖူလုံသွားမယ်၊ ကဲကဲ!... အခုဘယ်သွားကြမလဲ။ Mall လား...Target လား... နားရက်လေးရခိုက် လျှောက်သွားကြရအောင်... ကြိုက်တာတွေ့တော့လည်း ဝယ်တာပေ့ါ။ ဒီမှာက အလုပ်ကပင်ပမ်းတော့ relaxation လေးရှိမှကွ။ ပြောနေတာကြာပါတယ်။ shopping သွားယင်း အပြင်မှာပဲတစ်ခုခုစားကြမယ်။ ချစ်လည်း အနားရတာပေ့ါကွာ’

ချစ်– ‘အော်! ဒါနဲ့မောင်ရေ...ငွေပို့ရင်မိဘတွေကိုမှာဖို့မမေ့ပါနဲ့...တစ်လတစ်ရာနဲ့သုံးလစာပို့တာပါလို့၊ တစ်လကိုသုံးရာပို့တာထင်ပြီး...မျှော်နေအုံးမယ်’

ခေတ်အဆက်ဆက်ပြောင်းလို့
မျိုးဆက်သစ်တွေပွားများလဲ
ရေစုန်နဲ့ရေဆန်ဆိုတာကွာခြားမြဲ
ရေစုန်မှာသာပေမဲ့...ရေဆန်ကိုတော့လှော်ရမှာ
ဒါဟာဓမ္မတာပါပဲ၊

+++++++++

ဒါကြောင့်ထိုစကားသံစဉ်လေးတွေကိုကြည့်ပြီး...မိဘမေတ္တာဆိုတာ...စုန်ရေလိုပါဘဲ။ သားသမီးတွေရဲ့ပြန်လည်ပေးဆပ်ခြင်းကတော့...ဆန်ရေလိုပေ့ါလေ။ ပြန်လည်ဆန်းစစ်လိုက်တော့... ကိုယ့်ကိုကျွေးမွေးပြုစုခဲ့တဲ့...မိဘကျေးဇူးကို...နှမ်းတစ်စေ့လောက်မှပြန်မဆပ်နိုင်သေးတာ...ယခုအချိန်အထိ...ပူပင်စရာမရှိအောင်...ကူညီလမ်းပြစောင့်ရှောက်ပေးနေတဲ့...ဘုရားသခင်ရဲ့မေတ္တာတော်ကို ဘယ်လိုနည်းနဲ့ တုန့်ပြန်ကြမှာလဲ???။

သမီးမွန်

------------------------------------------------------------------------------------------

# သက်ဆိုင်သူ!.

ငါဟာမကောင်းလို့... သင်တို့... ခွဲခြားဝိုင်းပယ်ထားမယ်ဆိုလျှင်
ငါ... ကောင်းအောင် ... ကြိုးစားပါ့မယ်၊

ငါဟာအသိပညာမရှိလို့... သင်တို့... ခွဲခြားဝိုင်းပယ်ထားမယ်ဆိုလျှင်
ငါ... ပညာရှိအောင် ... သင်ယူပါ့မယ်၊

ငါဟာရိုင်းစိုင်းနေလို့... သင်တို့... ခွဲခြားဝိုင်းပယ်ထားမယ်ဆိုလျှင်
ငါ... ယဉ်ကျေးအောင် ... ပြုပြင်ပါ့မယ်၊

ငါဟာညစ်ပေနေလို့... သင်တို့... ခွဲခြားဝိုင်းပယ်ထားမယ်ဆိုလျှင်
ငါ... သန့်ရှင်းအောင် ... ဆေးကြောပါ့မယ်၊

ငါ့အသားအရောင်ကြောင့်... သင်တို့... ခွဲခြားဝိုင်းပယ်ထားမယ်ဆိုလျှင်
ငါ့ကိုဘုရားသခင်ကိုယ်တော်တိုင်ဖန်ဆင်းထားတာကြောင့်
ငါဘာမျှမတတ်နိုင်ပါ။

ငါချစ်ရာသခင်သည်
ငါ့ကိုဆိုင်တော်မူ၏။
ငါသည်လည်းသခင်ကိုဆိုင်ပေ၏။ (ရှောလမုန်သီချင်း၊ဖါး၃)

ကယ်တင်ခြင်းကျေးဇူးသည် လူသားတိုင်းအတွက် ဖြစ်သည်။
ကယ်တင်ခြင်းရရန် နောင်တနှင့်သာ ပြန်လာပါ။
ကယ်တင်ရှင်မှာ ခွဲခြားဝိုင်းပယ်ထားခြင်း လုံးဝမရှိပေ။

♠ *Smile*

# တောဘဲငန်းတို့ပျံသန်းရာ



ရာသီဥတုအလိုက် ကျက်စားရာဒေသသို့ ပျံသန်းသောငန်းများမှ ရရှိသောသင်္ခန်းစာကို စဉ်းစားဆင်ခြင် ကြပါစို့ ... ...။

ယောဘဝတ္ထု ၁၂ း ၇ – ၉။ သားမျိုးနှင့် မိုဃ်းကောင်းကင်ငှက်တို့ကို မေးမြန်းလော့။
သူတို့သည် ဟောပြောသွန်သင်ကြလိမ့်မည်။
မြေကြီးနှင့် ပင်လယ်ငါးတို့ကို မေးမြန်းလော့။
သူတို့သည် ပြသ၍ ဥပဒေသ ပေးကြလိမ့်မည်။
ဤအမှုတို့ကို ထာဝရဘုရား စီရင်တော်မူကြောင်းကို
ထိုတိရစ္ဆာန်တကောင်မျှ မသိဘဲ နေသလော။

ရာသီဥတုအလိုက် ကျက်စားရာဒေသသို့ ပြောင်းရွှေ့နေထိုင်ကြသော (Wild Geese) တောဘဲငန်းများသည် အဘယ်ကြောင့် အင်္ဂလိပ်အက္ခရာ **V** ပုံစံအတိုင်း အဖွဲ့ဖွဲ့လျှက် ပျံသန်းကြသည်ကို တွေးတောဆင်ခြင် ဘူးသလော။

အဖဘုရားသခင်သည် တိရစ္ဆာန်တိုင်း၏ အပြုအမူ အလေ့အထကို ခိုင်လုံသောအကြောင်းရင်းဖြင့် ဖန်ဆင်းသကဲ့သို့ အောက်ပါကြောင်းရင်းများကြောင့် တောဘဲငန်းများကို ဤသို့ **V** ပုံစံအတိုင်း အဖွဲ့ဖွဲ့၍ ပျံသန်းနိုင်စေရန် သူတို့၏ပင်ကိုယ်ဇာတိအသိစိတ် (Instinct) ထဲ၌ ဖန်ဆင်းထည့်သွင်းပေးထားခြင်းပင်ဖြစ်သည်။

တောဘဲငန်းတစ်ကောင်စီသည် သူ၏အတောင်ကို အပေါ်အောက်ရိုက်ခတ်ခြင်းဖြင့် ပျံသန်းသောအခါ၊ သူ၏နောက်တွင် လိုက်ပါလာသောတောဘဲငန်းအတွက်လည်း မြှင့်တင်သောပင့်အားကို တစ်ချိန်တည်း တွင်ဖြစ်ပေါ်စေသောကြောင့် **V** ပုံစံအတိုင်း အဖွဲ့လိုက်ပျံသန်းခြင်းသည် တောဘဲငန်းတစ်ကောင်စီ သီးသန့် ခွဲခြား၍ ပျံသန်းခြင်းထက် ၇၁% ပို၍ဝေးအောင် ပျံနိုင်ကြောင်းကို တွေ့ရသည်။

ဤ **V** ပုံစံဖွဲ့စည်းပုံမှ လွတ်ထွက်သွားသည့် တောဘဲငန်းတိုင်းသည် အရှေ့မှ တောဘဲငန်း၏ ပင့်အားကို မရသောကြောင့် လေထု၏ဆန့်ကျင်မှု ခုခံအားကို ပို၍ခံစားရသည်။

ထိုနည်းတူစွာ အဖဘုရားသခင်၏ အမှုတော်မြတ်ကို ထမ်းဆောင်ရာတွင် ကျွန်တော်တို့သည် တစ်ဦးစီ သီးသန့်စွာ ထမ်းဆောင်သည်ထက် အသင်းလိုက် အဖွဲ့လိုက် ညီညီညွတ်ညွတ် ထမ်းဆောင်ခြင်းသည် ပိုမို၍ ခရီးထွင်ကျယ်နိုင်ပါသည်။ အရှေ့တွင်ပျံနေသောတောဘဲငန်းက အနောက်မှလိုက်ပါလာသော တောဘဲငန်းကို ခွန်အားပေးနိုင်သလို အရှေ့တွင် တက်တက်ကြွကြွ အမှုတော်ထမ်းဆောင်သောသူသည် အနောက်တွင်လိုက်ပါလာသောသူတို့ကို ပို၍ ခွန်အားရရှိစေနိုင်ပါသည်။

အရှေ့၌ ပင့်အားပေးရန်မရှိသည့် **V** ၏ ရှေ့အဆုံးထောင့်စွန်း၌ ဦးဆောင်ပျံသန်းနေသော တောဘဲငန်းသည် အပင်ပမ်းဆုံးပင်ဖြစ်သည်။ သူသည် ပင်ပမ်း၍ လက်ပမ်းကျလာသောအခါ အနောက်ဖက်သို့ လှည့်ရွှေ့ပေးလိုက်ခြင်းအားဖြင့် အနောက်မှလိုက်နေသော မပင်ပမ်းသည့်ငန်းများသည် ဤပင်ပမ်းသောတာဝန်ကို အလှည့်ကျ ထမ်းဆောင်ပေးနိုင်သည်။

ကျွန်တော်တို့သည် အဖဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ရာတွင် ပင်ပမ်းသောတာဝန်များကို တောဘဲငန်းများကဲ့သို့ အလှည့်ကျ လိမ်မာပါးနပ်စွာလုပ်ဆောင်လျှင် ပိုမိုခရီးထွင်ကျယ်၍ အောင်မြင်မည်ဖြစ်ပါသည်။

ဤ **V** ပုံစံဖွဲ့စည်းပုံ၏ အနောက်ဖက်၌ လိုက်ပါသော တောဘဲငန်းများသည် ဆူညံစွာအော် (Honking) ကြ၍ အရှေ့၌ ပျံသန်းနေကြသော တောဘဲငန်းများကို ကျယ်လောင်စွာ အားပေးကြသည်။ ဩဘာပေးကြသည်။

ကျွန်တော်တို့သည် အရှေ့၌ ဦးဆောင်၍ အမှုတော်ထမ်းဆောင်နေသော ညီအစ်ကို မောင်နှမ များကို အနောက်မှနေ၍ ဆူညံစွာဖြင့် အနှောက်အရှက် မပေးမိအောင် သတိထားရမည်။ တောဘဲငန်းများကဲ့သို့ ကျယ်လောင်စွာအားပေးနိုင်ရမည်။ ဩဘာပေးနိုင်ရမည်။

ဤ **V** ပုံစံဖွဲ့စည်းပုံကဲ့သို့ ပျံသန်းခြင်းအားဖြင့် တောဘဲငန်းများသည် တစ်ဦးစီ၏ အရှေ့မြင်ကွင်းတွင် ပိတ်ဆို့ခြင်းမရှိ။ အရှေ့ခရီးစဉ်ကို ကြည်ကြည်လင်လင်မြင်ရသည့်အပြင် တစ်ဦးနှင့်တစ်ဦး အချင်းချင်း ပိတ်ဆို့ခြင်းမရှိသဖြင့် ကောင်းမွန်စွာ ဆက်သွယ်နိုင်မည်ဖြစ်ပြီး အထင်လွဲမှားမှု လျှော့နည်းသွားစေမည်။

ကျွန်တော်တို့သည် အဖဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ရာတွင် အချင်းချင်းမပိတ်ဆို့မိစေရန် ကြိုးစား၍ သတိပြုရမည်။ အထင်လွဲမှားမှု လျှော့နည်းစေရန် ကောင်းမွန်စွာ ပြောဆို ဆက်ဆံနိုင်ရမည်။

အကယ်၍ တောဘဲငန်းတစ်ကောင်သည် ဖျားနာ၍သော်၎င်း၊ သေနတ်ဒါဏ်ရာရ၍သော်၎င်း၊ မလိုက်နိုင်ဘဲ နောက်ကျန်ရစ်ခဲ့လျှင်၊ ကျန်းမာသောတောဘဲငန်းနှစ်ကောင်သည် ထိုဖျားနာသောငန်းနှင့် အတူနေခဲ့ပြီး၊ နေကောင်းသည်အထိ သို့တည်းမဟုတ် သေသည်အထိ အကူအညီပေးသည်။ အကာအကွယ်ပေးသည်။ ပြီးမှ အခြားတောဘဲငန်းအုပ်စုနှင့်လိုက်၍ နဂိုလ်မူလတောဘဲငန်းအုပ်စုကို မှီသည်အထိ ပြန်လိုက်သည်။

ကျွန်တော်တို့သည်လည်း တောဘဲငန်းများကဲ့သို့ ဖျားနာသော သို့တည်းမဟုတ် ဒါဏ်ရာရ၍ အားနည်းသော ညီအစ်ကို မောင်နှမများကို အနားမှနေ၍ အဖဘုရားသခင်ထံမှ ချပေးသောခွန်အားဖြင့် ကူညီအားပေးမစနိုင်ရမည်။ ဆုတောင်းပေးနိုင်ရမည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်အတိုင်း အဖဘုရားသခင် ဖန်ဆင်းထားသော တောဘဲငန်းက ပြသသည့် ဥပဒေသနှင့် သွန်သင်ချက်သည် ကျွန်တော်တို့အတွက် လွန်စွာကောင်းမွန်သော သင်္ခန်းစာတစ်ရပ်ပင် ဖြစ်သည် မဟုတ်ပါလား။

John Ma
**BCF**

မှတ်ချက် – အမည်မသိ စာရေးဆရာရေးသားသော A Lesson from Geese နှင့် Internet မှ တောဘဲငန်းနှင့်ပတ်သက်သော အကြောင်းအချက်များကို ဆီလျှော်အောင်ဘာသာပြန်၍ ရေးသားခြင်းဖြစ်သည်။